ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org
crph.official.mm@gmail.com

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ
သတင်းထုတ်ပြန်ချက် အမှတ်(၁၄)

ရက်စွဲ ။ ။ ၂၀၂၁ခုနှစ်၊ မေလ၊ (၂၇)ရက်

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် Kachin Political Interim Coordination Team (KPICT) တို့၏ ကြားကာလ သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် Kachin Political Interim Coordination Team (KPICT) တို့သည် လက်ရှိကြားကာလအတွင်း နိုင်ငံရေးအရ ပိုမိုထိရောက်အောင်မြင်စွာ နစ်ဘက်ညှိနှိုင်းဆောင်ရွက်နိုင်ရန် သဘောတူညီချက်တစ်ရပ်ကို ၂၀၂၁ ခုနှစ် မေလ ၂၇ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့ကြသည်။

၂။ ဤသဘောတူညီချက်သည် CRPH နှင့် KPICT တို့အကြား လက်မှတ်ရေးထိုးရန် နှုတ်အားဖြင့် ကြိုတင်သဘောတူညီခဲ့ကြသည်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၃။ ဤသဘောတူညီချက်သည် ကြားကာလအတွင်း ကချင်ဒေသအစိုးရဖွဲ့စည်းရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရေးတွင် CRPH နှင့် KPICT တို့အကြား ညှိနှိုင်းဆောင်ရွက်ကြမည့်မူအဖြစ် နှစ်ဘက်လက်မှတ် ရေးထိုးခြင်း ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ